Australian Early Development Census
An Australian Government Initiative

NSW GOVERNMENT

# Australian Early Development Census (AEDC)

## Frequently asked questions for families

# ဩစတြေးလျားရှိ ကျောင်းနေစ အရွယ်ကလေးများ၏ ဖွံ့ဖြိုးမှု အချက်အလက် ကောက်ယူခြင်း

## မိသားစုများအတွက် မကြာခဏ မေးလေ့ရှိသော မေးခွန်းများ

### ဩစတြေးလျားရှိ ကျောင်းနေစအရွယ် ကလေးများ၏ ဖွံ့ဖြိုးမှုအချက်အလက် ကောက်ယူခြင်း (Australian Early Development Census (AEDC)) ဆိုတာဘာလဲ။

AEDC ဆိုသည်မှာ ဩစတြေးလျားရှိ ကလေးများ ကျောင်းနေစအချိန်တွင် မည်သို့ ဖွံ့ဖြိုး တိုးတက် လာပုံကို လူဦးရေစာရင်းပေါ် အခြေခံ၍ တိုင်းတာလေ့လာခြင်းဖြစ်သည်။ အတန်းတိုင်းရှိ ကလေးတိုင်းအတွက် ကျောင်းနေစ ကလေးများ ဖွံ့ဖြိုးမှုဆိုင်ရာ ဩစတြေးလျားက ပြင်ဆင်ထားသည့် လေ့လာချက် (Instrument) ဖြစ်သော သုတေသနမေးခွန်းလွှာများကို ဆရာများက ဖြည့်စွက်ရသည်။ Instrument က ကျောင်းနေစ ရှေးဦးကလေး သူငယ်များ ဖွံ့ဖြိုးမှု၏ အဓိက နယ်ပယ် ငါးခုကို တိုင်းတာလေ့လာသည်။

- ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် ကောင်းမွန်စွာ နေထိုင်ခြင်း
- လူမှုစွမ်းရည်များ
- စိတ်ခံစားမှု ဆိုင်ရာရင့်ကျက်မှု
- ဘာသာစကားနှင့် သိမြင်မှုစွမ်းရည် (ကျောင်းစာပေါ်အခြေခံခြင်း)
- ဆက်သွယ်ရေး စွမ်းရည်များနှင့် အထွေထွေ ဗဟုသုတ

ဤနယ်ပယ်များသည် အရွယ်ရောက်သူတို့၏ ကျန်းမာရေး၊ ပညာရေးနှင့်လူမှုရေး ဆိုင်ရာဖြစ်ထွန်းမှုများနှင့် နီးကပ်စွာ ဆက်စပ်နေသည်။

ဩစတြေးလျား အစိုးရက AEDC ကိုဩစတြေးလျားနိုင်ငံရှိ ရှေးဦးကလေးသူငယ် ဖွံ့ဖြိုးမှုဆိုင်ရာ အမျိုးသား တိုးတက်မှု လေ့လာချက်အဖြစ် သတ်မှတ်လက်ခံထားသည်။

### AEDC ကိုမည်သူက တာဝန်ယူ ဆောင်ရွက်ရသလဲ။

ဩစတြေးလျားအစိုးရနှင့်ပြည်နယ်၊ နယ်မြေအစိုးရများက အဖွဲ့အစည်းများစွာနှင့် ပူးပေါင်း၍ AEDC ကိုတာဝန်ယူ ဆောင်ရွက်ကြသည်။ မဲလ်ဘုန်းမြို့ရှိ လူမှုသုတေသနဌာန (Social Research Centre) သည် AEDC ဆိုင်ရာ အချက်အလက်များကို ကောက်ခံ၍ စီမံခန့်ခွဲသည်။

### ဘာကြောင့် AEDC ဆိုင်ရာ အချက်အလက်များကို ကောက်ခံသလဲ။

AEDC ၏တန်ဖိုးမှာ ၎င်းသည်ကျောင်းများ၊ ရပ်ရွာများနှင့် အစိုးရများအတွက် သတင်းအချက်အလက်များ ရရှိစေသည်။ ထိုသတင်းအချက်အလက်များက ဩစတြေးလျားရှိ ကလေးများ၏ အနာဂတ်နှင့် ကောင်းမွန်စွာနေထိုင်မှုကို ပံ့ပိုးရန် ကလေးများနှင့် မိသားစုများအတွက် လိုအပ်သော ဝန်ဆောင်မှုများ၊ အရင်းအမြစ်များ နှင့် ထောက်ပံ့မှုများကို ဖော်ထုတ်ရာတွင် အထောက်အပံ့ ဖြစ်စေသည်။

ကလေးများ၏ ဘဝအခွင့်အလမ်းများ တိုးတက်စေရန် အတွက် ဒေသတွင်း အခြေအနေများအား မည်သို့ပြောင်းလဲရမည်ကို နားလည်ရန် ရပ်ရွာအတွင်းရှိ ကလေးများ၏ အချိန်နှင့်အမျှ ဖွံ့ဖြိုး တိုးတက်မှု အပြောင်းအလဲများအား စောင့်ကြည့် လေ့လာရာတွင် AEDC ကိုအသုံးပြုသည်။

### AEDC ဆိုင်ရာ အချက်အလက်များကို ဘယ်လိုကောက်ခံသလဲ။

အချိန်ပြည့်ကျောင်း၏ပထမဆုံးနှစ်တက်နေသောကလေးတိုင်း အတွက် ကျောင်းနေစကလေးများဖွံ့ဖြိုးမှုဆိုင်ရာဩစတြေးလျားကပြင်ဆင်ထား သည့်လေ့လာချက် (Instrument) (မေးခွန်းလွှာနှင့်ဆင်တူသည်) ကို လုံခြုံသော အချက်အလက် ဖြည့်သွင်းမှု စနစ်များ အသုံးပြုလျှက်ဆရာများက ဖြည့်စွက်ရသည်။ ဆရာများက ၎င်းတို့အတန်းထဲရှိ ကလေးများ အကြောင်း လေ့လာသိရှိမှုကို အခြေခံလျှက် Instrument ကိုဖြည့်စွက်ရသည်။ ဆရာများ အချိန်ပိုလုပ်ရသည့် အတွက် ကျောင်းများကို ထောက်ပံ့ကြေးပေးထားသည်။ Instrument ကို ဖြည့်စွက်ရန် ကျောင်းသား တစ်ဦးစီအတွက် မိနစ် ၂၀ ခန့်ကြာမြင့်သည်။

ဌာနေတိုင်းရင်းသားနှင့် တောရက်စ် ရေလက်ကြား ကျွန်းသား ကလေးများ အတွက် Instrument ကို ဖြည့်စွက်ရာတွင် ဖြစ်နိုင်ပါက ဌာနေ တိုင်းရင်းသားနှင့် တောရက်စ် ရေလက်ကြား ကျွန်းသားများ ဆိုင်ရာ ယဉ်ကျေးမှု အတိုင်ပင်ခံနှင့် ဦးစွာတိုင်ပင် ဆွေးနွေးရန် ဆရာများကို အကြံပြုထားသည်။ ဌာနေ တိုင်းရင်းသားနှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများ ဆိုင်ရာ ယဉ်ကျေးမှု အတိုင်ပင်ခံများက ဌာနေတိုင်းရင်းသားနှင့် တောရက်စ် ရေလက်ကြား ကျွန်းသားများ၏ လေ့လာသင်ယူပုံနှင့် ပြုမူဆောင်ရွက်ပုံများ အကြောင်း နားလည်ထားသောကြောင့် ယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများကို သိရှိပြီး Instrument ကို ဖြည့်စွက်ရာတွင် ဆရာများအား အကူအညီ ပေးနိုင်မည် ဖြစ်သည်။

### မိမိကလေး၏ ဆရာက မိမိကလေးအတွက် AEDC ကိုဖြည့်ရမလား။

AEDC ဆိုသည်မှာ တစ်နိုင်ငံလုံး ဖြည့်ရသော ကျောင်းစနေသည့်ကလေးသူငယ်များ အတွက် ဖွံ့ဖြိုးမှုဆိုင်ရာ အရေးကြီးသည့် လေ့လာမှုဖြစ်သည်။ 2018 ခုနှစ်တွင်ပထမဆုံးနှစ် ကျောင်းစနေသောကလေးပေါင်း ၃၀၉,၀၀၀နီးပါး၏ အချက်အလက်များကို ကောက်ခံခဲ့သည်။ အချက်အလက်များ ဖြည့်ပြီးသောအခါ ကလေးများ လိုအပ်သည့် ဝန်ဆောင်မှုများ၊ အရင်းအမြစ်များနှင့် ထောက်ပံ့မှုများ ပိုမိုထိရောက်စွာ ဖြန့်ဝေနိုင်ရန် ရပ်ရွာများ၊ မိဘများ၊ ကျောင်းများအတွက် လိုအပ်သည့် အချက်အလက်များကို AEDC ကပေးအပ်ခဲ့သည်။

ကလေးများ ကောင်းစွာ ကြီးထွားဖွံ့ဖြိုးတိုးတက်စေနိုင်မည့် လုံခြုံသော ပျိုးထောင်မှုနှင့် သင်ယူမှု ပတ်ဝန်းကျင် တစ်ရပ် ရရှိစေနိုင်ရန် ရည်ရွယ်ချက်ဖြင့် ရေးဆွဲအသုံးပြုသော ရှေးဦးကလေး သူငယ်များ ဆိုင်ရာ အစီအစဉ်များနှင့် မူဝါဒများကို AEDC ရလဒ်များက ပံ့ဖော်ပေးသည်။ ကလေးများ၏ ရှေးဦးနှစ်များအား အထောက်အပံ့ဖြစ်စေသည့် အရင်းအမြစ်များတွင် ရင်းနှီးမြှုပ်နှံခြင်းက ၎င်းတို့နှင့် ရပ်ရွာတစ်ခုလုံးအတွက် ရေရှည်အကျိုးရလဒ်များ ဖြစ်ပေါ် စေနိုင်ကြောင်း ကျွန်ုပ်တို့ကသိရှိသည်။ AEDC သည် မိမိဆန္ဒဖြင့် ဖြည့်စွက်ရန် ဖြစ်ပြီး သင့်ကလေး ပါဝင်ရန် လိုအပ်သည့် စာမေးပွဲမျိုးမဟုတ်ပါ။ ဆရာများက ၎င်းတို့၏ လေ့လာမှုအပေါ် အခြေခံပြီး Instrument ကိုဖြည့်စွက်ကာ ရလဒ်များကို တူရာ စုဖွဲ့သောကြောင့် ကလေးများ၊ ဆရာများနှင့် ကျောင်းများ၏ ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့်ကို ထိန်းသိမ်း ထားနိုင်သည်။ အချက်အလက်များ သို့မဟုတ် အစီရင်ခံစာများတွင် သင့်ကလေးကို သီးခြားဖော်ပြ မည်မဟုတ်ပါ။

AEDC သတင်း အချက်အလက်များ မကောက်ခံမီ မိဘများ/ပြုစုစောင့်ရှောက်သူများ ကို ၎င်းတို့ကလေးများကို ထားရှိသောကျောင်းက ထိုအစီအစဉ်တွင် ပါဝင်ခြင်းရှိမရှိ စာဖြင့် အသိပေးမည်ဖြစ်သည်။ မိဘများ/ပြုစုစောင့်ရှောက်သူများက မိမိတို့ကလေးအကြောင်း ၎င်းတို့ ဆရာက AEDC တွင် မဖြည့်စွက်စေလိုပါက ကျောင်းသို့ အကြောင်းကြားနိုင်ပါသည်။

## သတင်းအချက်အလက်မှတ်တမ်းများမှ မိမိကလေး၏ ရလဒ်ကို ဖယ်ရှားနိုင်ပါသလား။

ဖယ်ရှားနိုင်ပါသည်။ AEDC တွင်ပါဝင်ရန်သဘောတူညီချက်ကို အချိန်မရွေး ရုတ်သိမ်းရန်လမ်းဖွင့်ထားပါသည်။ သင်ကသဘောတူညီမှုကို ရုတ်သိမ်းလျှင် သင့်ကလေး၏ အချက်အလက်များကို သတင်းအချက်အလက်မှတ်တမ်းမှ ဖယ်ရှားပေးပါလိမ့်မည်။ ထိုသို့ဆောင်ရွက်ရန်သင့်ကလေး၏ကျောင်းသို့ ဆက်သွယ်ပါ။ သို့သော် သတင်းအချက်အလက်ကို အစီရင်ခံပြီးမှ သဘောတူညီမှုကို ရုတ်သိမ်းလိုပါက သင့်ကလေးအချက်အလက်ကို ဖယ်ရှား၍မရတော့ပါ။

## မိမိကလေးရဲ့ သတင်းအချက်အလက်ကို လုံခြုံစွာသိမ်းဆည်းထားရဲ့လား။

သိမ်းဆည်းထားပါသည်။ ပညာရေး၊ ကျွမ်းကျင်မှုနှင့် အလုပ်အကိုင်ဌာန (Department of Education, Skills and Employment (DESE)) က AEDC အချက်အလက်များကို ထိန်းသိမ်းသူဖြစ်ပြီး အချက်အလက်များ၏ မှန်ကန်တိကျမှုနှင့် လုံခြုံမှုတို့ကို အာမခံနိုင်သည့် AEDC အချက်အလက် ကောက်ယူမှုနည်းလမ်းများ၊ ထိန်းသိမ်းမှုများနှင့် အစီရင်ခံခြင်း နည်းပညာများအတွက် တာဝန်ရှိသည်။ DESE နှင့် သဘောတူ စာချုပ် လက်မှတ်ထိုးထားသော ဝန်ဆောင်မှုပေးသူများ အကြား သဘောတူထားသည့် လုံခြုံရေး စည်းကမ်းများအရ AEDC အချက်အလက်များကို ခွင့်ပြုချက် မရှိပဲ ရယူခြင်း၊ ရုတ်တရက် ဖျက်ဆီးမိခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်းတို့မှ အကာအကွယ်ပေးရန် လိုအပ်သည်။

## မိမိကလေးအချက်အလက်များရဲ့ ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့်နဲ့ ပတ်သက်ပြီး မေးခွန်းမေးစရာရှိရင် ဒါမှမဟုတ် တိုင်ကြားစရာရှိရင် ဘယ်သူ့ကို ဆက်သွယ်ရမလဲ။

AEDC အချက်အလက်များ၏ ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့် အကြောင်းစုံစမ်းမှုများနှင့် တိုင်ကြားမှုများကို DESE သို့ လိပ်မူပြီး aedc@education.gov.au သို့ စာရေးနိုင်ပါသည်။ AEDC ၏ဝက်ဘ်ဆိုဒ် www.aedc.gov.au တွင်လည်း AEDC ၏လုပ်ငန်းများနှင့်ပတ်သက်၍ သတင်း အချက်အလက် များစွာရှိပါသည်။

DESE ဝက်ဘ်ဆိုဒ်တွင် အောက်ပါ သတင်း အချက်အလက်များ ပါဝင်ပါသည်။

- DESE ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့်မူဝါဒ
- ဩစတြေးလျား ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့် မူဝါဒများနှင့် DESE က မည်သို့ ကိုက်ညီကြောင်း သတင်း အချက်အလက်များ (Australian Privacy Principles (APP))
- ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့် ချိုးဖောက်သည်ဟု သံသယရှိပါက မည်သို့တိုင်ကြားရမည်နည်း
- DESE ကတိုင်ကြားမှုများကို မည်သို့ ကိုင်တွယ်ကြောင်း ရှင်းလင်းချက်

## ဩစတြေးလျားက ပြင်ဆင်ထားသည့် Instrument ကို ဆရာက ဖြည့်စွက်ရာတွင် ကလေးကရှိနေဖို့ လိုအပ်သလား။

မလိုအပ်ပါ။ ဩစတြေးလျားက ပြင်ဆင်ထားသည့် Instrument ကို ဆရာက လုံခြုံသော အချက်အလက်ကောက်ယူသည့်စနစ်ဖြင့် ဖြည့်စွက်ရပါသည်။ ဆရာများက ၎င်းတို့ အတန်းထဲရှိ ကလေးများအကြောင်း မိမိတို့လေ့လာမှု၊ သိရှိမှုပေါ်အခြေခံ၍ မေးခွန်းများကို ဖြည့်စွက်ကြသည်။ စာမေးပွဲမဟုတ်၍ ဆရာက မေးခွန်းများကို ဖြည့်စွက်စဉ် ကလေးများ လာရောက်ရန် မလိုပါ။

## ဆရာက အစီရင်ခံတဲ့အခါ ဘယ်လောက် စိတ်ချရနိုင်သလဲ။

ဆရာများ၏ အစီရင်ခံမှုသည် ယုံကြည်စိတ်ချရပါသည်။ ဆရာများ၏ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် ကလေးများအကြောင်း သိရှိမှုကြောင့် ကလေးများ၏ ဖွံ့ဖြိုးမှုအကြောင်း ကောင်းစွာ လေ့လာထားသည်မှာ ထင်ရှားသည်။ ကလေးတစ်ဦးတည်းကို ဆရာအမျိုးမျိုးဖြင့် လေ့လာ အစီရင်ခံ သောကနေဒါနိုင်ငံ၏ လေ့လာချက်များကဆရာများ၏ ယုံကြည်စိတ်ချရမှု ကို ထောက်ခံ အတည်ပြုပေးခဲ့သည်။

Instrument ကို တိကျစွာ အသုံးပြုရာတွင် အထောက်အကူဖြစ်ရန် ဆရာများကို အသေးစိတ်လမ်းညွှန်ထားပြီး တစ်နာရီကြာ သင်တန်းတစ်ခုပေးထားသည်။

ဆရာများသည် ရှေးဦး ကလေး သူငယ်ဖွံ့ဖြိုးမှုအကြောင်း ကောင်းစွာ နားလည်သော အလွန်ကျွမ်းကျင်မှုရှိသူများဖြစ်သည်။ ထို့ကြောင့် ကလေးများ၏ဖွံ့ဖြိုးမှုကို လေ့လာရန် တာဝန်ပေးထားခြင်းဖြစ်သည်။

## မိဘများ/ပြုစုစောင့်ရှောက်သူများက ၎င်းတို့ကလေးများ၏ တစ်ဦးချင်းရလဒ်ကို ရရှိနိုင်သလား။

AEDC ဆိုသည်မှာ မိဘများ/ပြုစုစောင့်ရှောက်သူများကို ကလေးတစ်ဦးချင်းစီ အတွက်အစီရင်ခံစာ များပေးပို့သော စာတတ်မြောက်မှုနှင့် သင်္ချာတွက်တတ်မှုဆိုင်ရာ အမျိုးသား အကဲဖြတ်မှု အစီအစဉ် (NAPLAN) ကဲ့သို့ မဟုတ်ပါ။ AEDC အတွက် သင့်ကလေး၏ အချက်အလက်များကို ရပ်ရွာ တစ်ခု အတွင်း အတူ နေထိုင်နေသော အခြားကလေးများ၏ သတင်းအချက်အလက်များနှင့် ပူးပေါင်းလိုက်သည်။ ကလေး တစ်ဦးချင်းအတွက် AEDC ရလဒ်များ ကို အစီရင်မခံပဲ AEDC ကို လူတစ်ဦးချင်း အတွက်သီးခြားလေ့လာမှုကဲ့သို့လည်း အသုံးမပြုပါ။ ကလေးတစ်ဦးချင်းစီ အတွက် အစီရင်ခံစာကို ထုတ်ပြန်ခြင်းမရှိ ဟုဆိုလိုပါသည်။

သင့်ကလေး၏ အချက်အလက်များ ရယူနိုင်ခြင်းနှင့် ပတ်သက်ပြီး ပိုမိုသိလိုပါက ဤဝက်ဘ်ဆိုဒ်ကိုလေ့လာပါ။ Department of Education, Skills and Employment's Guide to Accessing and Correcting Your Personal Information

## AEDC ကိုအရင်ကလုပ်ခဲ့ဖူးသလား။

2004 နှင့် 2008 ခုနှစ် အကြား ဩစတြေးလျား အနှံ့အပြားရှိ ရပ်ရွာ ၆၀ခု တွင် AEDC ကို စမ်းသပ် ဆောင်ရွက် ခဲ့သည်။ ထို စမ်းသပ်မှုတွင် ပြည်နယ်အားလုံးနှင့် နယ်မြေအားလုံးမှ ၁,၀၁၂ကျောင်း (မြောက်ပိုင်းနယ်မြေ မှ လွဲ၍) (အစိုးရနှင့်အစိုးရ မဟုတ်သောကျောင်းများ) ဆရာ၂,၁၅၇ဦးနှင့်ကလေးများ၅၆,၇၅၂ဦးတို့ပါဝင်ခဲ့ကြသည်။

2009 ခုနှစ်တွင် AEDC (ဩစတြေးလျား ကျောင်းနေစ ရှေးဦး ကလေးသူငယ် ဖွံ့ဖြိုးမှု အညွှန်းကိန်း (Australian Early Development Index (AEDI)) ဟု အစောပိုင်းက ခေါ်ဝေါ်သော) ကိုပထမဦးဆုံးအကြိမ် တစ်နိုင်ငံလုံးတွင် ဆောင်ရွက်ခဲ့ပြီး ဩစတြေးလျားနိုင်ငံဆိုင်ရာ ကျောင်းနေစ ရှေးဦးကလေးသူငယ်များ ဖွံ့ဖြိုးမှုရလဒ်များ၏ အကြမ်းဖျင်း လေ့လာချက် တစ်ခုရရှိခဲ့သည်။

ထိုအချိန်မှစတင်၍ AEDC ကိုတစ်နိုင်ငံလုံးတွင် သုံးနှစ်တစ်ကြိမ် (2012, 2015, 2018) ပြုလုပ်ခဲ့သည်။ ထိုသို့ ကောက်ယူသည့် အကြိမ်တိုင်းတွင် အကျုံးဝင်သည့် ကလေးများ ရှိသည့် ကျောင်းအားလုံး၏၉၅% ကျော် ကပူးပေါင်းပါဝင်ခဲ့သည်။

## လူဦးရေကို ဘာကြောင့် ရေတွက် လေ့လာရတာလဲ။

လူဦးရေ လေ့လာမှုက လူဦးရေပေါင်း သို့မဟုတ် အုပ်စုပေါင်းကို ဦးတည်၍ လေ့လာခြင်းဖြစ်သည်။ AEDC က ရပ်ရွာတစ်ခုလုံး၏ ကျောင်းနေစ ရှေးဦးကလေးသူငယ်များ ဖွံ့ဖြိုးမှုကို လေ့လာသည်။ ကလေးတစ်ဦးချင်းစီလေ့လာခြင်းမှ ရပ်ရွာအတွင်းရှိ ကလေးများ အားလုံးကို ဦးတည်လေ့လာမှု ပြောင်းလဲခြင်း က ကလေးများစွာအတွက် ပိုမို အကျိုးရှိစေသည်။

ရပ်ရွာများ၊ ကျောင်းများ၊ မူဝါဒချမှတ်သူများ၊ ရှေးဦးကလေးသူငယ် ပညာပေးသူများနှင့် ကျန်းမာရေးဝန်ဆောင်မှုများ၊ ဒေသတွင်းကောင်စီများနှင့် အစိုးရများက အခြားအရင်းအမြစ်များ (ပြည်နယ်နှင့် အမျိုးသား စာရင်းအင်းများ စသည်) နှင့် ယှဉ်တွဲ၍ ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးမှုကို အကောင်းဆုံး ကူညီ ပံ့ပိုး နိုင်ရန်အတွက် ကြိုးပမ်းမှုများကိုကြိုတင် စီစဉ်ရန်နှင့် အကဲဖြတ်ရန် AEDC သတင်းအချက် အလက်များကို အသုံးပြုနိုင်သည်။

## AEDC ရဲ့ အကျိုးကျေးဇူး တွေက ဘာတွေလဲ။

ရှေးဦး နှစ်များအတွင်း ကလေးများ ရရှိခဲ့သော အတွေ့အကြုံများနှင့် အပြန်အလှန် ဆက်ဆံမှုများ က အနာဂတ်ဖွံ့ဖြိုးမှုများကို ကျိန်းသေ သက်ရောက်မှု ရှိကြောင်း သုတေသနများက ဖေါ်ပြကြသည်။ ရှေးဦးနှစ်များအတွင်း မှန်ကန်သော ဝန်ဆောင်မှုများ၊ အရင်းအမြစ်များနှင့် ထောက်ပံ့မှုများ ပေးခြင်းက ကလေးများနှင့် ရပ်ရွာကို ဘဝတစ်သက်တာ အကျိုးများ ဖြစ်စေသည်။

ဩစတြေးလျားရှိ ဆရာများက AEDC တွင်ပါဝင်ခြင်း က ကလေးတစ်ဦးချင်းစီနှင့် တစ်တန်းလုံး၏ လိုအပ်ချက်များကို ပိုမို သတိထားမိလာကြောင်း အစီရင်ခံကြသည်။ AEDC အချက်အလက်များ ဖြည့်စွက်ခြင်းက ကလေးများ၏ ကျောင်းသို့ အသွင်ပြောင်းခြင်းအား ကူညီ ရန်စီမံရာတွင်လည်းကောင်း စာသင်ခန်းအစီအစဉ်များ ချမှတ်ခြင်းအတွက်လည်းကောင်း အထောက်အပံ့ ဖြစ်စေသည် ဟုလည်း ဆရာများက အစီရင်ခံကြသည်။

AEDC ရံပုံငွေများကို ဆက်လက် ထောက်ပံ့ခြင်းက ကလေးများနှင့် ၎င်းတို့၏ မိသားစုများအတွက် ထူးခြားပြောင်းလဲ စေရန် လိုအပ်သည့် သတင်းအချက်အလက်များ ဆက်လက် ရရှိစေရန် အစိုးရများနှင့် ရပ်ရွာများကို အကူအညီပေးသည်။ ပညာရေး၊ ကျန်းမာရေးနှင့် ရပ်ရွာဝန်ဆောင်မှုများတွင် ပူးပေါင်း ဆောင်ရွက်မှုများကို ဆက်လက် တိုးတက်စေပြီး အစပြုထားသော လုပ်ငန်းများကိုလည်း ဆက်လက် ဆောင်ရွက် လာနိုင်သည်။

ပြီးခဲ့သည့် အချက်အလက် ကောက်ယူမှုများမှ ရလဒ်များကို အသုံးပြု၍ ကလေးသူငယ်နှင့် မိသားစုများကို နည်းအမျိုးမျိုး အကူအညီ ပေးနိုင်သည်။

- ကစားကွင်း အသစ်များနှင့် မိဘပညာပေးဝန်ဆောင်မှုလုပ်ငန်းများ စတင်မည့်ရပ်ရွာများ
- စာတတ်မြောက်ရေး စီမံချက်များကြောင့် ကျောင်းသားများ၏ လုပ်ဆောင်မှုများ ပိုမိုတိုးတက်လာကြောင်း တွေ့မြင်လာသည့် ကျောင်းများ
- ကလေးများအတွက် ပိုမို ကောင်းမွန်သော မူဝါဒများ ချမှတ်ရာတွင် အထောက်အထား အဖြစ် အချက်အလက်များကို အသုံးပြုသည့်အစိုးရများ

ကျောင်းများနှင့် ရပ်ရွာများက AEDC ရလဒ် များကို မည်သို့ အသုံးပြုကြကြောင်း ဥပမာများကို သိရှိရန် AEDC ဝက်ဘ်ဆိုဒ်များရှိ school stories နှင့် community stories တွင် သွားရောက် ကြည့်ရှုနိုင်ပါသည်။